အင်ချောင်းကျေးရွာ

ဆည်ပေါက်ကျေးရွာအုပ်စု

ကျောက်ပန်းတောင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အင်ချောင်းကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်

ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ
ကူညီရေးဆွဲသည်။

၂၀၂၄၊ လ

စဉ်	မာတိကာ	စာမျက်နှာ
စကားချီး		၃
အင်ချောင်းကျေးရွာ၊ သယံဇာတပြမြေပုံ၊ ကျောက်ပန်းတောင်းမြို့နယ်		၄
အင်ချောင်းကျေးရွာ၊ ရာသီခွင်ပြ ပြက္ခဒိန် ကျောက်ပန်းတောင်းမြို့နယ်		၅
အင်ချောင်းကျေးရွာ၊ အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ ကျောက်ပန်းတောင်းမြို့နယ်		၆
၁။	တည်နေရာနှင့်ပထဝီ အနေအထား	၇
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၇
၃။	ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၇
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၈
၅။	စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးရေးမွေးမြူးရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ	၈
၆။	အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ	
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၉
၇။	ပညာရေး	၉
၈။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်ကျင်သန့်ရှင်းရေး	၉
၉။	ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၀
၁၀။	ကျား – မရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၀
၁၁။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက် လုပ်ငန်းများ	
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၁
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၁၂
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား	၅၆
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်များ	၅၈
	နောက်ဆက်တွဲ(၅) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ခြင်း	၅၉
	နောက်ဆက်တွဲ(၆) စီမံကိန်းအဆိုပြုလွှာများ။	၆၀

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈-၂၀၂၉ ခု၊ ဘဏ္ဍာရေးနှစ်အထိ ၅နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး ကျေးရွာသူ/သားများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံအဉာဏ်များကို တက်တက်ကြွကြွပါဝင်ပေးသော ဝန်ထမ်းများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူသူအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းများ ထပ်မံဖြည့်စေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများ လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဦးစီးဌာနတို့က ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် ဦးစားပေးလုပ်ငန်း အစီအစဉ်တို့ ပါဝင်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
အင်ချောင်းကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်


၁. ကျောက်ပန်းတောင်းမြို့နယ်၊ အင်ချောင်းကျေးရွာ၏ သယံဇာတပြမြေပုံ



၂. ကျောက်ပန်းတောင်းမြို့နယ်၊ အင်ချောင်းကျေးရွာ၏ ရာသီခွင်ပြ ပြကွဒိန်



၃. ကျောက်ပန်းတောင်းမြို့နယ်၊ အင်ချောင်းကျေးရွာ၏ အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ



၁။ တည်နေရာနှင့်ပထဝီအနေအထား

အင်ချောင်းကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျောက်ပန်းတောင်းမြို့၏ အရှေ့မြောက်ဘက်တွင်(၅)မိုင်အကွာတွင် တည်ရှိပြီး ရွာ၏အရှေ့ဘက်တွင် စိမ်းစိုပျိုးညဃျာဉ် ၊ ယာမြေများနှင့် လူနေအိမ်များ ရှိပါသည်။ ရွာ၏အနောက်ဘက်တွင် ယာမြေများ၊ လူနေအိမ်များ၊ အိမ်သုံးခွရေကန်တို့ ရှိပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် ဆည်ပေါက်စပျစ်ခြံ (စိုက်ပျိုးရေးခြံ) နှင့် ယာမြေ ၊ လူနေအိမ်များလည်းရှိပါသည်။ ရွာ၏မြောက်ဘက်တွင် ရွာဦးဘုန်းတော်ကြီးကျောင်း၊ ယာမြေ၊ သရက်ကန်(ရေကန်)တို့လည်း ရှိပါသည်။ အင်ချောင်းကျေးရွာတွင် ဘုန်းကြီးကျောင်း(၂)ကျောင်း ရှိပါသည်။ ၎င်းအပြင် စားကျက်မြေများလည်း ရှိပါသည်။ အင်ချောင်းကျေးရွာတွင် အခြေခံပညာမူလတန်းလွန်ကျောင်းလည်း ရှိပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

အင်ချောင်းကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်ပြီး မိုးရေကိုသာအဓိကထား စိုက်ပျိုးကြပါသည်။ နွေ၊ မိုး၊ ဆောင်းဥတု(၃)ပါရှိပြီး နွေရာသီတွင် အပူချိန်မြင့်မားခြင်း၊ ဆောင်းရာသီတွင် အအေးလွန်ကဲခြင်းများဖြင့် ကြုံတွေ့ရပါသည်။ ရာသီဥတုဖောက်ပြန်ကာ မိုးရာသီတွင် ကဆုန်- နယုန် လမှစ၍ မိုးစတင်ရွာလေ့ရှိသဖြင့် သီးနှံများစိုက်ပျိုးနိုင်ပါသည်။ မြေအမျိုးအစားများမှာ မိုးကောင်းကြိုက်မြေဖြစ်ခြင်း၊ သဲမြေ၊ မြေနီဆန်သောမြေတို့ရှိပြီး အများစုမှာ သဲမြေများဖြစ်သောကြောင့် မိုးခေါင်သည့်ဒဏ်မခံနိုင်၍ သီးနှံအထွက်နှုန်း မကောင်းပါ။ ကျေးရွာတွင် သယံဇာတအရင်းအမြစ်များ မထွက်ရှိသည့်အတွက် ကျေးရွာရှိ လူနေအများစုမှာ တောင်သူလုပ်ငန်း၊ ရာသီကုန်သီနှံရောင်းဝယ်ဖောက်ကားခြင်းများ လုပ်ကိုင်ကြပါသည်။ နှမ်း ၊ မြေပဲ နှင့် ပဲစင်းငုံတို့မှာ မိုးရေကို အဓိကအားထား၍ ယာမြေများတွင် စိုက်ပျိုးကြပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

အင်ချောင်းကျေးရွာသည် လူထုအခြေပြု အဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ သာသနာရေး၊ သာရေး/နာရေး၊ အခြား လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းစည်းလုံးလုံး ပါဝင်လုပ်ဆောင်နေကြပါသည်။ ကာလသား/ ကာလသမီးအဖွဲ့သည် ကျေးရွာ၏ သာရေး/နာရေး လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတတ်သရော စုပေါင်းလုပ်ဆောင်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍာ တိုးတက်လာစေရေးအတွက် လုပ်ဆောင်လျက်ရှိပါသည်။ ဓမ္မစကြာဝတ်အဖွဲ့သည် ကျေးရွာ၏ ဘာသာရေး ၊ သာရေး/နာရေး ၊ လူမှုဖွံ့ဖြိုးရေးစသည့် အပိုင်းတို့တွင်ပါဝင်ဆောင်ရွက်ကြပါသည်။ အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့် အသေးစား/အလတ်စား

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများရရှိပြီး အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပညာတစ်ခုခုကိုလည်း အသင့်အတင့်တတ်မြောက်ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

အင်ချောင်းကျေးရွာတွင် ကျေးရွာအကျိုးတော်ဆောင်များနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ/သားများ စုပေါင်း၍ ကျေးရွာဖွံ့ဖြိုးနှင့်သက်ဆိုင်သော ကဏ္ဍများအတွက် အဖွဲ့အစည်းများဖွဲ့စည်းထားပါသည်။ ကျေးရွာတွင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ကျောင်းကော်မတီ၊ မီးကော်မတီ၊ ရေကော်မတီ၊ ဝတ်အသင်း၊ ပရဟိတအသင်း ၊ VDP ကော်မတီနှင့် အုပ်ချုပ်ရေးအဖွဲ့များဖြင့် လုပ်ငန်းတာဝန်များကို စည်းလုံးညီညွတ်စွာ လုပ်ကိုင်ကြပါသည်။

၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး။ အင်ချောင်းကျေးရွာသည် ယာစိုက်ပျိုးရေးကို အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးသော အဓိကသီးနှံမှာ နှမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ ပဲတီစိမ်း တို့ဖြစ်ပါသည်။ နှမ်းစိုက်ဧက(၇၀၀)ဧက ၊ ပဲစင်းငုံစိုက်ဧက(၁၀၀၀.၁၄)ဧက ၊ မြေပဲစိုက်ဧက(၆၀)ဧက၊ ပဲတီစိမ်း(၅.၄)ဧက စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအပြင် ဆောင်းအကုန်နွေအကူးဌ ဧး ၊ မန်ကျည်းနှင့် သရက်ချဉ်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း။ နွား၊ ကြက်၊ ဝက်နှင့်ဆိတ်တို့ကိုလည်း တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ ရာသီဥတုမမှန်ခြင်း၊ လုပ်သားအင်အားရှားပါးခြင်းတို့ကြောင့် စီးပွားရေးအခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူးရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ။ လက်လုပ်လက်စားကျပန်းအလုပ်သမားများ၊ ပရိဘောဂလုပ်ကိုင်သူများ၊ ပန်းရောင်းသူများနှင့် ပန်းရံလုပ်ကိုင်သူများလည်း ရှိပါသည်။ စားဝတ်နေရေး အဆင်မပြေမှုကြောင့် ပြည်ပသို့သွားရောက်လုပ်ကိုင်သူ (၄)ဦးခန့် ရှိပါသည်။ ကျန်လူဦးရေများမှာ သက်ကြီးရွယ်အို၊ ကလေးသူငယ်များ ကျောင်းသားကျောင်းသူများဖြစ်ပါသည်။ ကျေးရွာရှိနေထိုင်သူများသည် (၇၅%)ခန့်အလုပ် လုပ်ကိုင်နိုင်ပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ။ အင်ချောင်းကျေးရွာရှိ တောင်သူများသည် စိုက်ပျိုးစရိတ်ချေးငွေ ဝန်ဆောင်မှုအနေဖြင့် ငွေယမင်းချေးငွေတစ်ခုသာ ရှိသည့်အတွက် ငွေကြေးဝန်ဆောင်မှုများ လိုအပ်လျက်ပါသည်။

၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) **ကျေးလက်သယ်ယူပို့ဆောင်ရေး။** အင်ချောင်းကျေးရွာသည် အလယ်ပိုင်းမိုးနည်းဒေသတွင်တည်ရှိသောကြောင့် တံတားများမရှိပါ။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ရွာ၏တောင်မြောက်လမ်းမကြီးမှာ မြေသားလမ်းဖြစ်ပါသည်။ ကျေးလက်ဒေသဖြစ်၍ အစိုးရရုံးများ၊ ဆေးရုံဆေးခန်းများ၊ ဆက်သွယ်ရေးရုံးများနှင့် ဘဏ်များမရှိပါ။ ကျောက်ပန်းတောင်းမြို့နှင့် (၅)မိုင်ခန့် ကွာဝေးပြီး ကျောက်ပန်းတောင်းမြို့သို့ ကား၊ ဆိုင်ကယ်၊ သုံးဘီးဖြင့် အလွယ်တကူ သွားလာနိုင်ပါသည်။

(ခ) **ကျေးရွာမီးလင်းရေး။** အင်ချောင်းကျေးရွာသည် မဟာဓာတ်အားလိုင်းအား ၂၀၁၅ ခုနှစ်တွင်ရရှိပြီး လျှပ်စစ်မီးအသုံးမပြုသော အိမ်ထောင်စုများလည်းရှိပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး။ အင်ချောင်းကျေးရွာတွင် ဆက်သွယ်ရေးအတွက် ဖုန်းများကို အသုံးပြုကြပြီး သတင်းအချက်အလက်များအား ဖုန်း၊ ရေဒီယို၊ တီဗွီများမှ ကြည့်ရှုနိုင်ပါသည်။

၇။ ပညာရေး

အင်ချောင်းကျေးရွာတွင် အခြေခံပညာမူလတန်းလွန်ကျောင်းရှိပြီး ပညာရေးအသင့်အတင့် ကောင်းမွန်ပါသည်။ တက္ကသိုလ်တက်ရောက်ဆဲနှင့် ဘွဲ့ရများလည်းရှိပါသည်။ ကျောင်းအုပ်ကြီးမှ ဘာသာရပ်သင်ဆရာ/မများ၊ ကျောင်းသား/သူများ၊ ကျောင်းသားမိဘများနှင့်လစဉ်ပုံမှန် အစည်းအဝေးခေါ်ယူတွေ့ဆုံ၍ ကျောင်းသား/သူများ၏ လိုအပ်ချက်များ၊ မိဘများ၏ပံ့ပိုးပေးနေမှုများ၊ အကြံပြုပြောကြားခြင်း နှင့် ကျောင်းသား/သူများကြိုးစားသင်ယူမှုတို့ကြောင့် ပညာရေးကဏ္ဍတွင် တိုးတက်မြင့်မားရန် အလားအလာရှိပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

အင်ချောင်းကျေးရွာတွင် နေထိုင်သူအများစုသည် ကျန်းမာရေးကောင်းမွန်ကြပါသည်။ ကျေးရွာရှိ ခြံဝန်းများကျယ်ဝန်းပြီး လေဝင်လေထွက်ကောင်းမွန်ခြင်း ၊ ယင်လုံအိမ်သာအသုံးပြုခြင်းတို့ကြောင့် ကူးစက်ရောဂါဖြစ်ပွားမှုမရှိပါ။ မိုးရာသီတွင် ရာသီပေါ်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ချောင်းဆိုး၊ ဖျားနာခြင်းတို့ဖြစ်တတ်ပါသည်။ ကျေးလက်ဆေးပေးခန်းမရှိသဖြင့် နေမကောင်းဖြစ်ပါက နီးစပ်ရာမြို့သို့သွား၍ ဆေးကုသရပါသည်။ ကျေးလက်ဆေးပေးခန်းသည်မရှိမဖြစ်လိုအပ်သော အရာတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

အင်ချောင်းကျေးရွာတွင်သောက်သုံးရေအနေဖြင့် ရေလုံလောက်မှုမရှိကြောင်း တွေ့ရပါသည်။ ကျေးရွာရှိ ရေတွင်း၊ ရေကန် ၊ အဝီစိတွင်းစက်တပ် ၊ မိုးရေလှောင်ကန်တို့ကိုအသုံးပြုကြပြီး

နွေ၊မိုး၊ဆောင်းဥတုသုံးပါးရှိရာနွေရာသီတွင် ရေလုံလောက်မှုမရှိကြောင်း တွေ့ရပါသည်။ ကျန်းမာရေးအတွက် ယင်လုံအိမ်သာကို အသုံးပြုကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

အင်ချောင်းကျေးရွာသည် မြေအသင့်အတင့်ကောင်းပြီး မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းဒေသတွင် တည်ရှိသောကြောင့် ရေကြီးခြင်း၊ ရေလျှံခြင်းများမဖြစ်ပေါ်သော်လည်း တစ်ခါတစ်ရံလေးပြင်းတိုက်ခတ်မှုတို့ ကျရောက်နိုင်ပါသည်။ သီးနှံစိုက်ပျိုးရေးကဏ္ဍတွင် သဘာဝမြေဩဇာ ၊ ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် အခြားဓါတုဆေးများသုံးစွဲမှုကြောင့် မြေဆီလွှာပျက်စီးမှုများ အနည်းငယ်ဖြစ်ပေါ်နိုင်ပါသည်။ လျှပ်စစ်မီးရရှိသော်လည်း ချက်ပြုတ်ရာတွင် ထင်းကို အသုံးပြုသူ အနည်းငယ်ရှိပါသည်။ တိုးတက်လာတာနှင့်အမျှ ပလက်စတစ်အိတ်သုံးစွဲမှုများ ပိုမိုများပြားလာပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနမှ အင်ချောင်းကျေးရွာသူ/သားများကို သဘာဝပတ်ဝန်းကျင်အား ပိုမိုထိန်းသိမ်းတတ်စေရန် အသိပညာဖြန့်ဝေခြင်း၊ စိုက်ပျိုးရေးပညာရှင်များမှ ဓါတုပိုးသတ်ဆေးများ၏ ဆိုးကျိုးကို ကျေးရွာနေတောင်သူများအား စိုက်ပျိုးရေးပညာပေးဟောပြောပွဲများပြုလုပ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းသင့်ပါသည်။

၁၀။ ကျား – မ ရေးရာ

အင်ချောင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး၊ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးကိစ္စများတွင် အမျိုးသမီးများပါဝင်မှု အနည်းငယ်ရှိပြီး အမျိုးသားများက အဓိကထားဦးစောင်နေရပါသည်။ စိုက်ပျိုးရေးတွင် ယာထွန်ခြင်း၊ ပျိုးကျဲခြင်းများကို အမျိုးသားများကလုပ်ကိုင်၍ အမျိုးသမီးများမှ ပေါင်းသင်ခြင်း၊ မြက်နှုတ်၊ သီးနှံ ရိတ်သိမ်းခြင်းများကို ဆောင်ရွက်ကြပါသည်။ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး နှင့်အခြားသောကဏ္ဍများကို အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများလည်း ပါဝင်ဆောင်ရွက် ကြပါသည်။

ဘာသာရေးပွဲများ၊ ဘုရားပွဲ၊ မင်္ဂလာပွဲ၊ အလှူပွဲများတွင် သူ့နေရာနှင့်သူ အဖွဲ့လိုက်အလုပ်လုပ်ကြပါသည်။ လုပ်အားခရရှိရာတွင် အမျိုးသားများသည် အမျိုးသမီးများရငွေထက် ပိုမိုရရှိပါသည်။ ကျား – မ ရေးရာကိစ္စများတွင် ကျေးလက်ဒေသ ဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းခြင်း ၊ ဆွေမျိုးများ ဖြစ်ခြင်းတို့ကြောင့် အဓမ္မအကျင့်ခံရခြင်း၊ လူကုန်ကူးခံရခြင်းနှင့် ရိုင်းပြစွာဆက်ဆံမှုတို့ မရှိပါသဖြင့် အမျိုးသမီးများ ဘဝလုံခြုံရေး အပြည့်အဝ ရရှိစေပါသည်။ ကျေးရွာတွင် နေထိုင်ကြသူများမှာ ဗုဒ္ဓဘာသာဝင် များဖြစ်၍ ဘာသာရေး ကိုင်းရှိုင်းကြသဖြင့် အမျိုးသား၊ အမျိုးသမီးများမှာ လူကြီးသူမများ၏ ဆိုဆုံးမမှုများကို နာခံတက်ခြင်း၊ ဝတ်စားဆင်ယင်မှု ယဉ်ကျေးမှုရှိခြင်းတို့ကြောင့် ကျား–မ ရေးရာကိစ္စအဝဝတွင် အမျိုးသမီးများဘဝ လုံခြုံရေးအပြည့်အဝ ရရှိစေပါသည်။

၁၁။ အင်ချောင်းကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့် နှစ်အလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများ

အင်ချောင်းကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့် နှစ်အလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများအား နောက်ဆက်တွဲဇယား(၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆) တို့ဖြင့် ဖော်ပြထားပါသည်-

နောက်ဆက်တွဲ (၁)

ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပါးအုပ်စု၊ အင်ချောင်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးကျော်အောင်	ဦးထွန်းစော	၉/ကပတ(နိုင်)၀၂၈၉၅၄	၅၄	ဥက္ကဋ္ဌ	၀၉-၇၇၃၁၄၇၉၂၄	
၂	ဦးဟိန်းမောင်မောင်ထက်	ဦးကျစ်	၉/ကပတ(နိုင်)၁၉၁၈၉၀	၄၆	ဥက္ကဋ္ဌ(ဝယ်ယူရေး)	၀၉-၆၇၈၉၃၀၀၇၀	
၃	ဦးလှသောင်း	ဦးဘိုခွေး	၉/ကပတ(နိုင်)၀၂၉၁၄၂	၅၇	ဘဏ္ဍာရေးမှူး	၀၉-၂၅၉၇၆၇၂၈၅	
၄	ဦးစိုးသိန်း	ဦးပျား	၉/ကပတ(နိုင်)၀၂၉၁၂၅	၆၂	အဖွဲ့ဝင်	၀၉-၆၉၅၄၉၁၃၁	
၅	ဒေါ်အေးစုမော်	ဦးထွန်းထွန်း	၉/ကပတ(နိုင်)၂၈၈၂၉၄	၂၇	အဖွဲ့ဝင်	၀၉-၆၆၄၇၁၅၅၄၀	
၆	ဒေါ်သင်းသင်းဆွေ	ဦးအောင်သောင်း	၉/ကပတ(နိုင်)၃၀၆၅၈၅	၂၅	စာရင်းကိုင်	၀၉-၆၇၂၉၂၃၆၇	
၇	ဒေါ်ဟန်မာဝင်း	ဦးမှုံ	၉/ကပတ(နိုင်)၂၈၈၃၉၇	၃၀	အတွင်းရေးမှူး	၀၉-၄၂၈၄၂၄၇၀၁	

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	မသန်စွမ်းသူ အရေအတွက်	
				ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၃၀	၅၀	၀	၀
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၃၅	၅၅	၀	၀
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၀၀	၁၀၃	၀	၀
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၀၀	၁၅၇	၀	၀
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၇၀၀	၈၀၀	၀	၀
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၃၀	၃၄	၀	၀
စုစုပေါင်း		၉၅၅	၁၁၉၉	၀	၀
စုစုပေါင်း အိမ်ထောင်စု		၄၆၀			

လေ့လာတွေ့ရှိချက်။ ။အင်ချောင်းကျေးရွာတွင် သက်ကြီးရွယ်ကြီး လူကြီးသူမများ နည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက် ကိုသေချာ စွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာရွေး ရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင် လုပ်ငန်း		၁၅၀				၀	မြင့် □ လတ် ☑ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက် ကိုသေချာ စွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာရွေး ရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း						ဝ	မြင့် □ လတ် □ နိမ့် □
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း	ဝ	ဝ	ဝ	ဝ	ဝ	ဝ	မြင့် □ လတ် □ နိမ့် □
	အလုပ် သမား / ဝန်ထမ်း	ဝ	ဝ	ဝ	ဝ	ဝ	ဝ	မြင့် □ လတ် □ နိမ့် □
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း	ဝ	ဝ	ဝ	ဝ	ဝ	ဝ	မြင့်□ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	ဝ	ဝ	ဝ	ဝ	ဝ	ဝ	မြင့် □ လတ် □ နိမ့် □
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း	ဝ	ဝ	ဝ	ဝ	ဝ	ဝ	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	ဝ	ဝ	ဝ	ဝ	ဝ	ဝ	မြင့် □ လတ် □ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက် ကိုသေချာ စွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာရွေး ရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	၀	၀	၀	မြင့်□ လတ် □ နိမ့် □
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက် ကိုသေချာ စွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာရွေး ရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	၀	၀	၂၉	မြင့် □ လတ် ☑ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	၀	၀	၀	မြင့် □လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက် ကိုသေချာ စွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	၀	၀	၀	မြင့်□ လတ် □ နိမ့် □
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	၀	၀	၀	မြင့် □လတ် □ နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	၀	၀	၀	မြင့် □လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက် ကိုသေချာ စွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာရွေး ရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	၀	၀	၀	မြင့်□ လတ် □ နိမ့် □
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	၀		၀	မြင့် □ လတ် □ နိမ့် □
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	၀	၀	၀	မြင့် □လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	၀	၀	၀	မြင့် □လတ် □ နိမ့် □
၂၀	အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	၀	၀	၀	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက် ကိုသေချာ စွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာရွေး ရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	၀	၀	၀	
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	၀	၀	၀	မြင့် □လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	၀	၀	၀	မြင့် □ လတ် □ နိမ့် □

လေ့လာတွေ့ရှိချက်။ ။ ချောင်းဖျားကျေးရွာတွင် စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြပြီး အရောင်းအဝယ်လုပ်ကိုင်သည့်အိမ်ထောင်စု အသင့်အတင့်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၅၀၀၀	၈၀၀၀	၈၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀

၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	၉၀၀၀	၁၂၀၀၀	၈၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်း၀ယ်ရေး	နေ့စား	၁၂၀၀၀	၀	၁၀၀၀၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၁၀၀၀၀	၁၀၀၀၀	၈၀၀၀	၈၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၀	၀	၀	၀

လေ့လာတွေ့ရှိချက်။ ။ အင်ချောင်းကျေးရွာတွင် ကျား/မလုပ်အားခ နှုန်းထားမှာ ကွာဟမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာအရည်အသွေး**
လယ်မြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၆၆၈.၅	ကောင်း ☐ သင့် ☑ ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ကိုင်း/ကျွန်းမြေ	၀.၀၀	ကောင်း ☐သင့် ☐ ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ်မြေလပ်	၀.၀၀	ကောင်း ☐သင့် ☐ ညံ့ ☐
စုစုပေါင်း	၆၉၈.၅	

လေ့လာတွေ့ရှိချက်။ ။အင်ချောင်းကျေးရွာတွင် ယာမြေလုပ်ကိုင်သူများ၍ လယ်မြေမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု	အသုံးချနိုင်မှု	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော – ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

လေ့လာတွေ့ရှိချက်။ ။ အင်ချောင်းကျေးရွာတွင် ရေကန်၊ အဝီစိစက်တပ်တွင်းများရှိသော်လည်း ရေလုံလောက်မှု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသော အိမ်ထောင်စု	မပြေ လည်သော အိမ်ထောင်စု	အလွန်မပြေ လည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင် သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀၀	၃၀၀	၄၀	၂၀

လေ့လာတွေ့ရှိချက်။ ။အင်ချောင်းကျေးရွာတွင် အလယ်အလတ်ရှိသောအိမ်ထောင်စုများပြားပြီး အလွန်အဆင်ပြေသော အိမ်ထောင်စု နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	၀	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြား	၀	၀	အခြားအစာပြောင်းလဲစား = ၀

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
ဝမ်းစာဖူလုံမှု			အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၇ လုပ်အားခကြိုယူ = ၅
ဖြေမှာ၂လအထိ ဝမ်းစာဖူလုံမှု	၁၈	၅	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၁၈

လေ့လာတွေ့ရှိချက်။ ။အင်ချောင်းကျေးရွာတွင် လုပ်အားခကြိုယူသော အိမ်ထောင်စု အနည်းငယ် ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၁၀	၅
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀
	အိမ်ထောင်စုအရေအတွက်	
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၂၅	
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၀	
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	၀	

လေ့လာတွေ့ရှိချက်။ ။ အင်ချောင်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီ ထွေဖြစ်စေမည့်အစီအမံများ)		
သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
မြစ်ရေကြီးမှု	☑	☐	☐	☑	☐	☐
လျှပ်တပြတ်ရေကြီးခြင်း	☑	☐	☐	☑	☐	☐
မုန်တိုင်းဒီရေ	☑	☐	☐	☑	☐	☐
ဆူနာမီ	☑	☐	☐	☑	☐	☐
တိုင်ဖုန်းမုန်တိုင်း	☑	☐	☐	☑	☐	☐
လေဆင်နာမောင်း	☑	☐	☐	☑	☐	☐
ငလျင်	☑	☐	☐	☑	☐	☐
အပူလှိုင်း	☐	☑	☐	☐	☑	☐
စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	☑	☐	☐	☑	☐	☐
အအေးလှိုင်း	☐	☑	☐	☐	☑	☐
မိုးသီးကြွေကျမှု	☑	☐	☐	☑	☐	☐
မိုးခေါင်ခြင်း	☐	☑	☐	☐	☑	☐
တောမီးလောင်ခြင်း	☑	☐	☐	☑	☐	☐
မြစ်ကမ်းပါးပြိုခြင်း	☑	☐	☐	☑	☐	☐
ကမ်းရိုးတန်းတိုက်စားမှု	☑	☐	☐	☑	☐	☐
မြေပြိုခြင်း	☑	☐	☐	☑	☐	☐
လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ						

စားနပ်ရိက္ခာမဖူလုံမှု	☑	☐	☐	☑	☐	☐
သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	☑	☐	☐	☑	☐	☐
မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	☑	☐	☐	☑	☐	☐
သစ်တောပြုန်းတီးခြင်း	☑	☐	☐	☐	☐	☐
ငှက်ဖျားရောဂါ	☑	☐	☐	☑	☐	☐
တီဘီရောဂါ	☑	☐	☐	☑	☐	☐
ကိုယ်ခံအားကျဆင်းမှုရောဂါ	☑	☐	☐	☑	☐	☐
ကပ်ရောဂါ	☑	☐	☐	☑	☐	☐
ပြည်တွင်းပဋိပက္ခ	☑	☐	☐	☑	☐	☐
တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	☑	☐	☐	☑	☐	☐
လူကုန်ကူးခြင်း	☑	☐	☐	☑	☐	☐
ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းစသည်	☑	☐	☐	☑	☐	☐

လေ့လာတွေ့ရှိချက်။ ။အင်ချောင်းကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင်တည်ရှိသည့် အတွက် အပူချိန်လွန်ကဲပြီး သစ်တောပြုန်းတီးမှု အနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ထိခိုက်လွယ်မှုအမျိုးအစား	**ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)**			**စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)**		
သဘာဝဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**	**နိမ့်**	**လတ်**	**မြင့်**
လူငယ်	☑	☐	☐	☑	☐	☐
အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	☑	☐	☐	☑	☐	☐

ဆင်းရဲသားတောင်သူ	☐	☑	☐	☐	☑	☐
သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ	☑	☐	☐	☑	☐	☐
ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	☑	☐	☐	☑	☐	☐
မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	☑	☐	☐	☑	☐	☐
ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	☑	☐	☐	☑	☐	☐
မြေနိမ့်ပိုင်းနေထိုင်သူများ	☑	☐	☐	☑	☐	☐
ငါးကန်ပိုင်ရှင်များ	☑	☐	☐	☑	☐	☐
လက်လုပ်လက်စားများ၊ကျပန်းများ	☐	☑	☐	☑	☐	☐
လူနည်းစုလူမျိုးများ	☑	☐	☐	☐	☐	☐
ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	☑	☐	☐	☑	☐	☐
နယ်စပ်ဒေသတွင်နေထိုင်သူများ	☑	☐	☐	☑	☐	☐
ရွှေတွင်းလုပ်သားများ	☑	☐	☐	☑	☐	☐
လှည့်လည်သွားလာ၍စျေးရောင်းသူများ	☐	☑	☐	☐	☑	☐
နေရပ်ပြန်အခြေချသူများ	☑	☐	☐	☑	☐	☐
ရွှေ့ပြောင်းလုပ်သားများ	☑	☐	☐	☑	☐	☐
ကားမောင်းပြီးအသက်မွေးသူများ	☑	☐	☐	☑	☐	☐

လေ့လာတွေ့ရှိချက်။ ။ အင်ချောင်းကျေးရွာတွင် ပင်လယ်၊ မြစ်ချောင်း၊ အင်အိုင်များနှင့် ဝေးသောကြောင့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူမရှိကြောင်း တွေ့ရှိရပါသည်။

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျောင်းကော်မတီ	☐ စီးပွားရေး အခြေခံသော အုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့ စသည့်။☑ လူမှုရေးအဖွဲ့ ဥပမာ - အမျိုးသမီး အဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူ ကိုယ်ထအဖွဲ့။☐ ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။	၁၁	၀	၁၁	☑ ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး	☐ ကောင်း ☑ သင့် ☐ ညံ့
၂	မီးကော်မတီ	☑ စီးပွားရေး အခြေခံသော အုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့ စသည့်။☑ လူမှုရေးအဖွဲ့ -ဥပမာ - အမျိုးသမီး အဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။☐ ဘာသာ ရေးနှင့်ယဉ်ကျေးမှုအဖွဲ့။	၅	၀	၅	☐ ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး	☐ ကောင်း ☑ သင့် ☐ ညံ့
၃	ဝတ်အသင်း	☐ စီးပွားရေး အခြေခံသော အုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့ စသည့်။☐ လူမှုရေးအဖွဲ့ -ဥပမာ - အမျိုးသမီး အဖွဲ့၊ လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။ ☑ ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။	၂၀		၂၀	☐ ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး	☐ ကောင်း ☑ သင့် ☐ ညံ့
၄	ရေကော်မတီ	☐ စီးပွားရေး အခြေခံသော အုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။☑ လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်	၁၁		၁၁	☐ ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊	☐ ကောင်း ☑ သင့် ☐ ညံ့

		အဖွဲ့၊ ကိုယ်ထူကိုယ်ထ အဖွဲ့။☐ ဘာသာ ရေး နှင့်ယဉ်ကျေးမှုအဖွဲ့။				လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး	
၅	VDP ကော်မတီ	☐ စီးပွားရေး အခြေခံ သော အုပ်စု- လယ် သမားအဖွဲ့၊ငွေစုငွေချေး အဖွဲ့ စသည့်။☑ လူမှုရေးအဖွဲ့ - ဥပမာအမျိုး သမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။ ☐ ဘာသာရေး နှင့်ယဉ်ကျေးမှုအဖွဲ့။	၄	၃	၇	☐ ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး	☐ ကောင်း ☑ သင့် ☐ ညံ့
၆	ပရဟိတအသင်း	☐ စီးပွားရေး အခြေခံ သော အုပ်စု- လယ် သမားအဖွဲ့၊ငွေစုငွေချေး အဖွဲ့ စသည့်။☑ လူမှုရေးအဖွဲ့ - ဥပမာ - အမျိုး သမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူ ကိုယ်ထအဖွဲ့။☐ ဘာသာရေးနှင့်ယဉ် ကျေးမှုအဖွဲ့။	၁၁	၅	၁၆	☐ ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး	☐ ကောင်း ☑ သင့် ☐ ညံ့

လေ့လာတွေ့ရှိချက်။ အင်ချောင်းကျေးရွာရှိ ကျေးရွာသူ/သားများအနေဖြင့် ကဏ္ဍအလိုက် ဖွဲ့စည်းပြီး တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသည်။

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များ နှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
1	ငွေယမင်း	☐ ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့ အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ခမ္မ စကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missionsစသည်) ☑ အစိုးရမဟုတ် သော အဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret,PactMyanmarစသည်)☐အရပ်ဘက်	☐ပညာရေး ☐ငွေကြေး ☐ကျန်းမာရေး ☐ဘာသာရေး ☑စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး

		လူမှုအဖွဲ့အစည်း□နိုင်ငံအများ၏ရန်ပုံငွေဖြင့် ဆောင်ရွက် သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)□နိုင်ငံတစ်ခု၏ရန်ပုံ ငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ (ဥပမာ GIZ, UKAid,USAid, စသည်)□ ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ) □ ပုဂ္ဂလိကအဖွဲ့အစည်းများ	

လေ့လာတွေ့ရှိချက်။ ။အင်ချောင်းကျေးရွာသည် ပြင်ပအဖွဲ့အစည်းနှင့်ချိတ်ဆက်မှုအားနည်း ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦး ဆောင်သည့်အိမ်ထောင် စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
မြေယာမဲ့	၂၀		မြေယာမဲ့
၂.၅ဧကအောက်	၃၀	၀	ဆင်းရဲသားတောင်သူ
၂.၅ဧကမှ၅ဧကကြား	၉၀	၂၅	တောင်သူငယ်
၅ဧကမှ၁၂.၅ဧကကြား	၂၅၀	၀	တောင်သူလတ်
၁၂.၅ဧကအထက်	၇၀		တောင်သူကြီး

လေ့လာတွေ့ရှိချက်။ ။ချောင်းဖျားကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအသင့်အတင့်ရှိပြီး တောင်သူကြီးအနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

အရင်းအမြစ်	ရေသောက် (ဧက)	တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသ တရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခု ကိုသာရွေးရန်)
ဆည်	၀	☑တစ်နှစ်ပတ်လုံး □ရာသီအလိုက်□ မဖြေဆိုပါ	□ရှိ ☑မရှိ □ မဖြေဆိုပါ	□လျော့ □တိုး ☑ အပြောင်းအလဲမရှိ

ရေလွဲဆည်	၀	☑တစ်နှစ်ပတ်လုံး □ရာသီအလိုက်□ မဖြေဆိုပါ	□ရှိ ☑မရှိ □ မဖြေဆိုပါ	□လျော့ □တိုး ☑ အပြောင်းအလဲမရှိ
မြစ်ရေတင်	၀	☑တစ်နှစ်ပတ်လုံး □ရာသီအလိုက်□ မဖြေဆိုပါ	□ရှိ ☑မရှိ □ မဖြေဆိုပါ	□လျော့ □တိုး ☑ အပြောင်းအလဲမရှိ
ရေသွင်းမြောင်း	၀	☑တစ်နှစ်ပတ်လုံး □ရာသီအလိုက်□ မဖြေဆိုပါ	□ရှိ ☑မရှိ □ မဖြေဆိုပါ	□လျော့ □တိုး ☑ အပြောင်းအလဲမရှိ
အဝီစိတွင်း	၀	☑တစ်နှစ်ပတ်လုံး □ရာသီအလိုက်□ မဖြေဆိုပါ	□ရှိ ☑မရှိ □ မဖြေဆိုပါ	□လျော့ □တိုး ☑ အပြောင်းအလဲမရှိ
လက်ငင်ရေတွင်း	၀	☑တစ်နှစ်ပတ်လုံး □ရာသီအလိုက်□ မဖြေဆိုပါ	□ရှိ ☑မရှိ □ မဖြေဆိုပါ	□လျော့ □တိုး ☑ အပြောင်းအလဲမရှိ
စိမ့်စမ်းရေ	၀	☑တစ်နှစ်ပတ်လုံး □ရာသီအလိုက်□ မဖြေဆိုပါ	□ရှိ ☑မရှိ □ မဖြေဆိုပါ	□လျော့ □တိုး ☑ အပြောင်းအလဲမရှိ
ချောင်းရေ	၀	☑တစ်နှစ်ပတ်လုံး □ရာသီအလိုက်□ မဖြေဆိုပါ	□ရှိ ☑မရှိ □ မဖြေဆိုပါ	□လျော့ □တိုး ☑ အပြောင်းအလဲမရှိ

လေ့လာတွေ့ရှိချက် ။ ။အင်ချောင်းကျေးရွာတွင် မိုးရေကိုသာအဓိကထား စိုက်ပျိုးရသောကြောင့် ရေသွင်းစိုက်ပျိုးသည့် သီးနှံမရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
မြေပဲ	၆၀	တင်း	၁၀	၂၅	၂၀	မေ	ဩ ဂုတ်	□ မြင့် ☑	□ မြင့်	□ မြင့်

								လတ် ☐ နိမ့်	☑ လတ် ☐ နိမ့်	☑ လတ် ☐ နိမ့်
နှမ်း	ဂ၀၀	တင်း	၃	၅	၄	မေ	ြြ ဂုတ်	☐ မြင့် ☑ လတ် ☐ နိမ့်	☐ မြင့် ☑ လတ် ☐ နိမ့်	☑ မြင့် ☐ လတ် ☐ နိမ့်
ပဲ စင်းငုံ	၁၀၀၀. ၁၄	တင်း	၃	၈	၅	မေ	ဇန်နဝါရီ	☐ မြင့် ☑လတ် ☐ နိမ့်	☑ မြင့် ☐ လတ် ☐ နိမ့်	☑ မြင့် ☐ လတ် ☐ နိမ့်
								☑ မြင့် ☐ လတ် ☐ နိမ့်	☐ မြင့် ☐ လတ် ☑ နိမ့်	☐ မြင့် ☑ လတ် ☐ နိမ့်

လေ့လာတွေ့ရှိချက်။ ။ အင်ချောင်းကျေးရွာတွင် နှမ်း နှင့် ပဲစင်းငုံ ကိုသာအဓိကထားစိုက်ပျိုးကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်	၀	၀	၀	၁၀၀
လက်တွန်းထွန်စက်	၀	၀	၀	၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၀	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀

မြက်ရိတ်စက်	၀	၀	၀	၀

လေ့လာတွေ့ရှိချက်။ ။အင်ချောင်းကျေးရွာတွင် နွားများဖြင့် ထွန်ယက်စိုက်ပျိုးခြင်း အနီးအနားရှိ ရွာများမှ ထွန်စက်များ ငှားရမ်း အသုံးပြုကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက်(အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။ ဇယား ၂၀နှင့် ၂၁ကိုချိတ်ဆက် စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)**
သဘာဝရေမြေရာသီဥတုအနေအထား	☐ အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ
လယ်ယာမြေအသုံးချနိုင်မှု	☐ အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ
စိုက်ပျိုးရေအရင်းအမြစ်	☐ ပေါများ ☐ အသင့်အတင့်ရှိ ☑ မဖြေဆိုပါ
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	☐ အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ
သီးနှံမျိုးစေ့ရရှိနိုင်မှု	☐ မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည် ☑ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	☐ လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☑ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	☐ လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☑ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ
လုပ်သားရရှိနိုင်မှု	☐ အလွယ်တကူရနိုင်သည် ☑ ရနိုင်သည် ☐ မဖြေဆိုပါ
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	☐ အလွယ်တကူရနိုင်သည် ☑ ရနိုင်သည် ☐ မဖြေဆိုပါ
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	☐ သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☑ သီးနှံများကိုရောင်းချနိုင်သည် ☐ မဖြေဆိုပါ
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	☑ ထိခိုက်သည် ☐ မထိခိုက်ပါ ☐ မဖြေဆိုပါ

လေ့လာတွေ့ရှိချက်။ ။ အင်ချောင်းကျေးရွာတွင် လယ်ယာမြေအသုံးချနိုင်မှု အသင့်အတင့်ရှိပြီး သီးနှံမျိုးစေ့ကောင်းများ အလွယ်တကူ ရရှိရန်ခက်ခဲကြောင်း လေ့လာတွေ့ရှိရ ပါသည်။

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ ဇယား ၂၀နှင့် ၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	☐ မြေဆီဩဇာမကောင်း ☑ ရာသီဥတုမမှန် ☐ မဖြေဆိုပါ
လယ်ယာမြေအသုံးချနိုင်မှု	☑ လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ လပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ
စိုက်ပျိုးရေအရင်းအမြစ်	☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ
သီးနှံမျိုးစေ့ရရှိနိုင်မှု	☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ
လုပ်သားရရှိနိုင်မှု	☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	☑ သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐ မဖြေဆိုပါ
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	☐ ဆိုးရွားစွာကျ ☑ အသင့်အတင့်ကျ ☐ အနည်းငယ် ☐ မဖြေဆိုပါ

ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ်သက်သောသတင်းအချက်အလက်လက်လှမ်းမီမှု	☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု	☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ

လေ့လာတွေ့ရှိချက်။ ။အင်ချောင်းကျေးရွာတွင် သွင်းအားစုများ တယ်ယူနိုင်သော်လည်း နည်းပညာပံ့ပိုးမှုများ လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	**မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု**	**ကောင်ရေ**
မွေးမြူရေး		
နွား	၃၈	၅၈၀
နို့စားနွား	၀	၀
ကျွဲ	၀	၀
မြင်း	၃	၆
မြည်း	၀	၀
လား		၀
ဆိတ်	၅	၁၂၅
သိုး	၀	၀
ဝက်	၀	၀
ကြက်	၂၂	၅၁၀
ဘဲ	၀	၀
နွားနောက်	၀	၀

ငါးလုပ်ငန်း		
ငါးကန်	၀	၀
ပုဇွန်ကန်	၀	၀
ဂဏန်းမွေးမြူရေးလုပ်ငန်း	၀	၀
ရေချိုငါးဖမ်းလုပ်ငန်း	၀	၀
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	၀	၀

လေ့လာတွေ့ရှိချက်။ ။အင်ချောင်းကျေးရွာသည် နွား ၊ မြင်း၊ ဆိတ်၊ ကြက် များကို တစ်ပိုင်တစ်နိုင် မွေးမြူလျက်ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ ဇယား၂၀နှင့် ၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)**
မွေးမြူရေး	
စားကျက်မြေ	☐ ပေါများ ☑ အသင့်အတင့် ☐ မဖြေဆိုပါ
ရေရရှိမှု	☐ အလုံအလောက်ရနိုင် ☑ အသင့်အတင့်ရနိုင် ☐ မဖြေဆိုပါ
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	☑ မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူနိုင်သည် ☐ မျိုးကောင်းတိရစ္ဆာန်များလုံးဝဝယ်ယူမရပါ ☐ မဖြေဆိုပါ
ချေးငွေ	☐ ချေးငွေလွယ်ကူစွာရနိုင် ☑ ချေးငွေအသင့်အတင့်ရနိုင် ☐ မဖြေဆိုပါ
